# စစ်သည် ဝန်ထမ်း လုပ်ငန်းအဖြာဖြာ

## ဆောင်းပါးပေါင်းချုပ်

အမ်းသျှမ်း
[ညှိညွှားပြေ]



# ဗိုလ်မှူးကြီး ခင်မောင်ချို(ကိုချိုစံ)၏ အမှာ စာ

ကျွန်တော့်ပထမဆုံးစာမ(ကဗျာ)၁၉၈၆ ခုနှစ်၊ ဩဂုတ်လထုတ် စစ်ပြန်မဂ္ဂဇင်းမှာ စပါ,ပါသည် ။ ဒီစာမူစပါတော့တပ်မတော်သားဘဝ ရောက်နေပါပြီ။

စာတွေဆက်ရေး ဖြစ်သည် ။

ကဗျာလုံးချင်း၊ ဝတ္ထုတိုပေါင်းချုပ်တွေ ထုတ်ဖြစ်သည် ။

၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်ထုတ်လုပ်ရေးတပ် (ပြည်သူ့ဆက်ဆံရေး)မှာ ဦးစီးအရာရှိ(တတိယတန်း)စာစောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည် ။

ဒီကတစ်ဆင့် တပ်မတော်မှာ အဆင့်မျိုးစုံ၊ တာဝန်မျိုးစုံဖြင့် ဒေသမျိုးစုံမှာ တာဝန် ထမ်းဆောင်ခဲ့သည် ။

၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်မှာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် ဒုတိယညွှန်ကြားရေးမှူးတာဝန်ဖြင့် စတင်ရောက်ရှိ တာဝန်ထမ်းဆောင် ခဲ့သည် ။

ရောက်ပြီးမကြာမီ ဒုတိယဗိုလ်မှူးကြီးအောင်သန်း၊ ကလောင်အမည်(အမ်းသျှမ်း-သျှိသျှားမြေ)နှင့် သိရတာပါပဲ။

အမ်းသျှမ်းက စစ်ရေးချုပ်ရုံးမှာ ဆိုတော့ အစည်းအဝေးတိုင်းလိုလို တွေ့ရသည် ။ ကျွန်တော် စာရေးမှန်းသိတော့ သူလည်း စာရေးတာဝါသနာပါကြောင်းပြောပြီး မိတ်ဆက်လာသည် ။

ရေးပြီးသားစာမူတစ်ပုဒ်လာပြသည် ။

ဖတ်၍ ကောင်းသည် ။

မြဝတီသတင်းစာနှင့် လည်း သင့်တော်၍ သတင်းစာမှာ ထည့်သုံးဖြစ်သည် ။

ဒီနောက် အမ်းသျှမ်းစာတွေဆက်ရေးဖြစ်လာ၏။ အရေးစိပ်လာ၏။

၂ နှစ်၊ ၃ နှစ် အတွင်း ရေးအားက ကျွန်တော့်ကို ကျော်သွားသည် ။

သူ့စာမူတွေ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာမျိုးစုံမှာ မကြာခဏပါလာသည် ။

သိပ်မကြာသေးသော လပိုင်းလောက်ကတော့ စာမူ ၃အုပ် နှင့် အတူ ကျွန်တော့်ထံ ရောက်လာ၏။

လုံးချင်းစာအုပ်ထုတ်မလို့ တဲ့ ။

အမှာ စာရေးပေးပါတဲ့ ။

သူ့စာမူတွေအားလုံးက အနည်းဆုံးတစ်ကြိမ်စီ ကျွန်တော်ဖတ်ပြီးသား။

ယခု အမှာ စာရေးပေးရမည်ဆိုတော့ နောက်တစ်ကြိမ် ထပ်ဖတ်ဖြစ်ပြန်၏။

ထပ်ဖတ်တော့လည်း မရိုးနိုင်အောင် ဖတ်၍ ကောင်းဆဲပါ။

ပထမဦးစွာ အမ်းသျှမ်း၏ "အရိုးစလေးတစ်ခုနှင့် စစ်ဝတ္ထုတိုပေါင်း

ချုပ်" စာမူအတွက် အမှာ စာရေးသား ဖြစ်၏။

ကျွန်တော့်ဘဝအတွက် ပထမဆုံးရေးဖူး၊ ရေးဖြစ်သော အမှာ စာပါပဲ။

ဒုတိယအကြိမ် အမ်းသျှမ်း တစ်ဖြစ်လဲ မိုးတိမ်(တမာမြေ)ကလောင်အမည်ဖြင့် "ကွဲကြ ပြဲကြတာတွေ ရပ်ပြီး မြန်မာပြည်ကို ချစ်တတ်ကြစမ်းပါနှင့် အခြားဆောင်းပါးများ " စာမူအတွက် အမှာ စာရေးပေးရ၏။

၂ အုပ်ထုတ်တာ ကလောင်အမည်က ၂မျိုး။ အကြောင်းအရာက ၂ခု။ ဝတ္ထုတိုပေါင်းချုပ်က ၁ အုပ်၊ ဆောင်းပါးပေါင်းချုပ်က ၁ အုပ်။

ယခု တတိယစာအုပ်ကျတော့ ကလောင်အမည်က အမ်းသျှမ်း(သျှိသျှားမြေ)ဖြစ်သော်လည်း အကြောင်းအရာတွေက ယခင်ကလို ပြင်ပအကြောင်းအရာတွေ မဟုတ်တော့ဘဲ တပ်မတော်သားတွေဘဝ၊ တပ်မိသားစုတွေဘဝ၊ တပ်မတော်အတွင်း ခံစားခွင့်တွေ အကြောင်း ဖြစ်၏။

ဒီအကြောင်းတွေရေးဖို့ က စာရေးခြင်းအတတ်ပညာတစ်ခုတည်း တတ်လို့ မရ။

အချက်အလက်၊ အကြောင်းအရာတွေ ပြည့်ပြည့်စုံစုံရှိဖို့ သိဖို့ လို၏။

ဒီလိုအပ်ချက်က အမ်းသျှမ်းနှင့် ကွက်တိ ကိုက်ညီသွားသည် ။

သူက စစ်ရေးချုပ်ရုံးမှ လက်ထောက်စစ်ရေးချုပ် တစ်ဦးလေ။

စစ်ရေးပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အချက်အလက်တွေ၊ ဗဟု သုတတွေသူ့မှာ အပြည့်။ အလွတ်မရလည်း ဖိုင်တွဲတွေသူကြည့်လိုက်ရုံသာ။ အနေကြာ အရာရှိတွေ၊ ဗိုလ်လေးတွေ၊ ဆရာကြီးတွေကို မေးလိုက်ရုံသာ။

အမ်းသျှမ်း၏ ဒီစာအုပ်ကို လက်ရှိတပ်မတော်သားတွေ (အရာရှိ/ အခြားအဆင့်အားလုံး)၊ အငြိမ်းစား တပ်မတော်သားစစ်မှုထမ်းဟောင်း တွေ၊ တပ်မတော်သားဘဝကို စိတ်ဝင်စားသူတွေ၊ တပ်မတော်သားတို့ ၏ မိဘဆွေမျိုးသားချင်း၊ သူငယ်ချင်းတွေ၊ တပ်မတော်သားဘဝကို လို လားခုံမင်သူတွေ ဖတ်ရှုသင့်ပါသည် ။

အမ်းသျှမ်း ယခုထက်ပို၍ တပ်မတော်နှင့် ပတ်သက်သော စာမူကော င်းများ ၊ တပ်မတော်သား ဘဝနှင့် ဆက်စပ်သောစာမူကောင်းများ ၊ လွ တ်လပ်သော အတွေးအမြင် စာမူကောင်းများ များများ ရေးသားထုတ် ဝေနိုင်ပါစေသတည်း . . .။

**ဗိုလ်မှူးကြီး ခင်မောင်ချို(ကိုချိုစံ)**

# ဆရာ ခွန်သက်တင်ဆန်း၏ အမှာ စာ

စာရေးဆရာ အမ်းသျှမ်း(သျှိသျှားမြေ)ရေးသားသည့် "တပ်မတော်သားများ ၊ မိသားစုဝင်များ နှင့် သက်ဆိုင်ပတ်သက်သည့် ဆောင်းပါးပေါင်းချုပ်" စာအုပ်လေးအား ဖတ်ရှုရပါသည် ။ ထိုဆောင်းပါး ပေါင်းချုပ်တွင် ဆောင်းပါး ၁၁ ပုဒ်ပါရှိပါသည် ။

ကျွန်တော်သည် တပ်မတော်တွင် ၃၈နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိ စစ်မှုထမ်းဟောင်း တစ်ဦးလည်း ဖြစ်ပါသည် ။ ကျွန်တော်သည် ပင်လျှင် ထိုဆောင်းပါးများကို ဖတ်ရှုရာမှ မသိရှိရသေးသော အကြောင်းအရာများမှ ဗဟု သုတများ စွာရရှိပါသည် ။

စစ်မှုထမ်းဟောင်းနှင့် ပတ်သက်သည့် အကြောင်းအရာ အချက်အလက်များ ၊ တပ်မတော်နှင့် ပညာရေးကဏ္ဍများ ၊ တပ်မတော်အားကစားပြိုင်ပွဲများ အကြောင်းကို တပ်မတော်သားများ နှင့် မိသားစုများ သိရှိနိုင်ရန် ပြည်သူ့တပ်မတော်စာစဉ်၊ မြဝတီသတင်းစာ၊ ရတနာပုံသတင်းစာများ တွင် ဖော်ပြပါရှိခဲ့ပြီးဖြစ်ပါသည် ။

စာအုပ်လေးအား ပေးထားသည့် ခေါင်းစဉ်နှင့် အညီ တပ်မတော်သားများ ၊ မိသားစုဝင်များ မသိလျှင်မဖြစ် သိရှိနေရမည်ဖြစ်ပြီး စစ်မှုထမ်းဆဲရော စစ်မှုထမ်းဟောင်းများ ပါ သိမ်းဆည်းထားသင့်သည့် စာအုပ်

လေးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည် ။

**နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ**

**ခွန်သက်တင်ဆန်း**

**ဗိုလ်မှူးကြီး အောင်ကျော်ဦး(ငြိမ်း)**

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် မလှိုင်မြို့၊ အမှတ်(၁) ရပ်ကွက်၌ အဖ ဦးတုတ်ချေ(ကွယ်လွန်)၊ (မြေစာရင်း အင်စပက်တော်)နှင့် အမိ ဒေါ်မြည့်ွန့်တို့ မှ မွေးဖွားခဲ့ပါသည် ။ မွေးချင်း ၇ယောက်အနက် ဆဌမမြောက်သားဖြစ်ပါသည် ။

၁၉၈ဝ-၁၉၈၁ ပညာသင်နှစ်တွင် အထက-မလှိုင်မြို့မှ ၁ဝတန်းအောင်မြင်ခဲ့ပြီး မိတ္ထီလာ ဒေသကောလိပ်၌ ဝိဇ္ဇာ-သင်္ချာဘာသာတွဲဖြင့် ဒုတိယနှစ်အထိ ပညာသင်ကြားခဲ့ပါသည် ။ ၁၉၈၃ ခုနှစ် ဒေသကောလိပ် ဒုတိယနှစ်တွင် ပညာသင်ကြားနေရာမှ အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)သို့တက်ရောက်ခဲ့ပါသည် ။ ၁၉၈၅ ခုနှစ်တွင် ကျောင်းဆင်းပြီးနောက် တပ်မတော် အရာရှိအဖြစ် ခြေလျင်/ခြေမြန် တပ်ရင်းများ ၊ ဌာနချုပ်များ တွင် ရာထူးအဆင့်အမျိုးမျိုးဖြင့် တပ်စုမှူး၊ ထောက်လှမ်းရေးအရာရှိ၊ တပ်ခွဲမှူး၊ တပ်ရေးဗိုလ်ကြီး၊ ဦးစီးအရာရှိ(တတိယတန်း)၊ ဌာနချုပ်တပ်ခွဲမှူး၊ စစ်ဦးစီးမှူး (ဒုတိယတန်း)၊ စစ်ကြောင်းမှူး၊ ဒုတိယတပ်ရင်းမှူး၊ တပ်ရင်းမှူးနှင့် လက်ထောက်စစ်ရေးချုပ်စသည့် တာဝန်များကို ထမ်းဆောင်ခဲ့ပါသည် ။

တပ်မတော်တွင် တာဝန်ထမ်းဆောင်ရင်း ဒုတိယနှစ်တက္ကသိုလ် စာပေးစာယူသင်တန်းအား သမိုင်း အဓိကဘာသာရပ်ဖြင့် မိတ္ထီလာကောလိပ်တွင် ဖြေဆိုအောင်မြင်ခဲ့ပါသည် ။ မန္တလေး တက္ကသိုလ်နှင့် စစ်တွေ

ဒီဂရီကောလိပ်တို့ တွင် အဝေးသင်တက္ကသိုလ်ပညာအား ဆက်လက်ဆည်းပူး သင်ယူခဲ့ရာ ၁၉၉၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့(သမိုင်း)ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည် ။

ငယ်စဉ်ကအားကစားလိုက်စားခဲ့ပြီး မလှိုင်မြို့နယ်(ကျောင်းသား၊ လူငယ်၊ လူကြီး)ဘောလုံးလက်ရွေးစင်၊ မိတ္ထီလာမြို့နယ် လူကြီးဘောလုံး လက်ရွေးစင်၊ မိတ္ထီလာခရိုင် ကျောင်းသား ဘောလုံးလက်ရွေးစင်နှင့် မိတ္ထီလာဒေသကောလိပ်ဘောလုံးလက်ရွေးစင် ကစားသမားအဖြစ် ကစားခဲ့ပါသည် ။ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါသည် ။

ငယ်စဉ်ကပင် စာပေဖတ်ရှုလေ့လာခြင်းကို ပျော်မွေ့ခဲ့ပြီး အမ်းသျှမ်း(သျှိသျှားမြေ)နှင့် မိုးတိမ်(တမာမြေ) ကလောင်အမည်များ ဖြင့် ဆောင်းပါး၊ ဝတ္ထုများအား မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်၊ သတင်းစာများ တွင် ရေးသားလျက်ရှိပါသည် ။

အလယ်တန်းပြဆရာမ ဒေါ်သိန်းသိန်းမော်နှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ဦးနှင့် အတူ နေပြည်တော်တွင် နေထိုင်လျက်ရှိပါသည် ။ လက်ရှိ စစ်ရေးချုပ်ရုံးတွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် လက်ထောက်စစ်ရေးချုပ်တာဝန်ထမ်းဆောင်လျက်ရှိပါသည် ။